ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# သိပ္ပံ
# ပထမတန်း



၂၀၁၇–၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# သိပ္ပံ
# ပထမတန်း

၂၀၁၇–၂၀၁၈

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| **အခန်း ၁။** | **ကျွန်ုပ်တို့၏ အနီးဆုံးပတ်ဝန်းကျင်** | |
| | (၁) ပတ်ဝန်းကျင်ရှိအရာများ | ၁ |
| | (၂) ပတ်ဝန်းကျင်ရှိအရာများကို အုပ်စုဖွဲ့ခြင်း | ၈ |
| | (၃) ပတ်ဝန်းကျင်ရှိပြောင်းလဲမှုများ | ၁၄ |
| | (၄) ပတ်ဝန်းကျင်ရှိအသံများ | ၁၈ |
| **အခန်း ၂။** | **ကျွန်ုပ်** | |
| | (၁) ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့်မတူညီမှုများ | ၂၂ |
| | (၂) ခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးပြုခြင်း | ၂၆ |
| **အခန်း ၃။** | **ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အပင်များ** | |
| | (၁) အပင်၏အစိတ်အပိုင်းများ | ၃၀ |
| | (၂) အပင်အစိတ်အပိုင်းများ၏ မတူညီမှုများ | ၃၆ |
| | (၃) အပင်ပေါက်ရောက်ရာနေရာများ | ၄၂ |
| **အခန်း ၄။** | **ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ** | |
| | (၁) တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ | ၄၆ |
| | (၂) မတူညီသောနေရာများမှ တိရစ္ဆာန်များ | ၅၂ |
| **အခန်း ၅။** | **ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး** | |
| | (၁) မြေကြီးနှင့် ကျောက်ခဲ | ၅၈ |
| | (၂) ရေ | ၆၂ |
| **အခန်း ၆။** | **ကျွန်ုပ်တို့၏ ကောင်းကင်** | |
| | (၁) သဘာဝအတိုင်းတွေ့ရှိရသည်များ | ၆၆ |
| | (၂) အခြားတွေ့ရှိရသည်များ | ၇၂ |

# ၁ ကျွန်ုပ်တို့၏ အနီးဆုံးပတ်ဝန်းကျင်

## (၁) ပတ်ဝန်းကျင်ရှိအရာများ


**မေးခွန်းကို ဖြေကြည့်ရအောင်**

ပတ်ဝန်းကျင်မှာ ဘာတွေတွေ့ရသလဲ။















## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) စာသင်ခန်းထဲမှာရှိတဲ့ ပစ္စည်းတွေရဲ့အမည်ကို သူငယ်ချင်းအချင်းချင်း ပြောကြရအောင်။ တွေ့တဲ့ပစ္စည်းကို ဇယားမှာလည်း အမှန်ခြစ်(✔)မယ်။





စားပွဲ ☐



သင်ပုန်း ☐



စာအုပ် ☐



ခဲတံ ☐




ကျောပိုးအိတ် ☐




နာရီ ☐



လွယ်အိတ် ☐



ကုလားထိုင် ☐

တခြားတွေ့တာတွေကိုလည်း ပြောပြပါ။

လုပ်ငန်း(၂) ကျောင်းဝင်းထဲမှာ မြင်ရတာတွေကို ပြောပြပါ။




အတန်းအပြင်ကိုထွက်ပြီး
ကြည့်ကြရအောင်



ကျောက်ခဲ
လိပ်ပြာ ခွေး
ပန်းပွင့်တွေ့တယ်














ရေရှိတယ်



လုပ်ငန်း(၃) ကျောင်းဝင်းထဲက ကိုယ်ကြိုက်တဲ့ပုံကိုဆွဲပြီး ပြောကြမယ်။






လက်တွေ့လုပ်ငန်းမှတ်တမ်း

ပတ်ဝန်းကျင်ရှိအရာများ ၁၇–၆–၂၀၁၇

| | |
|---|---|
| အမည် | မမဥ္ဇူသင်း |
| အတန်း | ပထမတန်း |
| ရေးဆွဲထားသောပုံအမည် | ထီး |



(မှတ်ဖြေ)
ထီးကို ကြိုက်တယ်
အနီရောင်လေး
ဝိုင်းဝိုင်းလေး
သမီးထီးက သေးတယ်။ မေမေ့ထီးက ကြီးတယ်။






## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ပတ်ဝန်းကျင်မှာ လူ၊ အဆောက်အဦနဲ့ ယာဉ်တွေကို တွေ့ရမယ်။








ပတ်ဝန်းကျင်မှာ လေ ရှိတယ်။ မမြင်ရဘူး၊ ကိုင်လို့မရဘူး၊ လေတိုက်လို့ သစ်ရွက်တွေလှုပ်နေတယ်။

## သိသွားပြီနော်

ပတ်ဝန်းကျင်မှာပစ္စည်းတွေ၊အပင်တွေ၊တိရစ္ဆာန်တွေ၊ရေ၊သဲနဲ့ကျောက်ခဲတွေရှိတယ်။

## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း




## လေ့ကျင့်ခန်း

၁။ စာသင်ခန်းထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေကို ဇယားမှာဖြည့်ဖို့ ပြောကြည့်ရအောင်။

| ပစ္စည်းအမည် | အရောင် | ပုံသဏ္ဌာန် |
|---|---|---|
| စာအုပ် | | |
| ပေတံ | | |
| မြေဖြူ | | |
| သင်ပုန်း | | |
| ခဲဖျက် | | |

၂။ ကျောင်းဝင်းထဲမှာ တွေ့ရတဲ့အရာတွေကို အမှန်ခြစ်(✔)ပေးနော်။



၃။ ပေးထားတဲ့ ပုံ(၂)ပုံကိုကြည့်ပြီး အဲဒီပတ်ဝန်းကျင်မှာ တွေ့ရတဲ့အရာတွေကို ပြောကြရအောင်။

(က) စာသင်ခန်းထဲမှာ တွေ့နိုင်တဲ့အရာ(၃)ခု

(ခ) ကျောင်းဝင်းထဲမှာ တွေ့နိုင်တဲ့ အရာ (၂)ခု



ပုံ(က)



ပုံ(ခ)

# ၁ ကျွန်ုပ်တို့၏အနီးဆုံးပတ်ဝန်းကျင်


## (၂) ပတ်ဝန်းကျင်ရှိအရာများကို အုပ်စုဖွဲ့ခြင်း



**မေးခွန်းကို ဖြေကြည့်ရအောင်**

ပတ်ဝန်းကျင်က အရာတွေကို ဘယ်လိုအုပ်စုဖွဲ့ကြမလဲ။

ပေးထားတဲ့ ပုံတွေနဲ့ သဏ္ဍာန်တူတဲ့ပစ္စည်းတွေကို အတန်းထဲမှာ ရှာကြည့်ရအောင်။




## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပုံထဲက လေးထောင့်ပုံမှန်နဲ့ တူတဲ့ပစ္စည်းတွေကို အတန်းထဲမှာ ရှာကြမယ်။




လုပ်ငန်း(၂) ပုံတွေကိုကြည့်ပြီး တွေ့နိုင်တဲ့နေရာအလိုက် ဇယားမှာဖြည့်ဖို့ ပြောကြရအောင်။



| အိမ်ရှိပစ္စည်းများ | ကျောင်းရှိပစ္စည်းများ |
|---|---|
| | |

လုပ်ငန်း(၃) ပေးထားတဲ့ပစ္စည်းတွေကို ပြုလုပ်ထားတဲ့ ပစ္စည်းတွေအလိုက် ဇယားမှာ ဖြည့်ကြည့်ရအောင်။




| သစ်သား | ပလတ်စတစ် | ရာဘာ | ပိတ်စ | သတ္တု | ဖန် |
|---|---|---|---|---|---|
| | | | | | |

လုပ်ငန်း(၄) အတန်းထဲက ပစ္စည်းတွေကို ရှာပြီးပြောပြပါ။

| ပြုလုပ်ထားတဲ့ပစ္စည်း | တွေ့ရှိတဲ့ပစ္စည်း |
|---|---|
| သစ်သား | |
| ပလတ်စတစ် | |
| ရာဘာ | |
| ပိတ်စ | |
| သတ္တု | |
| ဖန် | |

လုပ်ငန်း(၅) ပတ်ဝန်းကျင်မှာတွေ့ရတဲ့ အပင်နဲ့ တိရစ္ဆာန်တွေကို အုပ်စုခွဲပေးနော်။

| အပင်များ၏အမည် | တိရစ္ဆာန်များ၏အမည် |
|---|---|
| | |



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



ဒီဝါးလက်ခုပ်လေးကို ကျွန်တော်အတွက် အဖေက လုပ်ပေးထားတာ ဝါးနဲ့လုပ်ရတာလေ





ကောင်းလိုက်တာ ကျွန်မလည်းကြိုက်တယ် ကျွန်မလည်း လိုချင်လိုက်တာ




## သိသွားပြီနော်




တွေ့တဲ့နေရာကိုလိုက်ပြီး
အုပ်စုဖွဲ့လို့ရတယ်



အပင်နဲ့တိရစ္ဆာန်ဆိုပြီး
အုပ်စု ဖွဲ့လို့ရတယ်



ပုံသဏ္ဌာန်နဲ့လည်း
အုပ်စုဖွဲ့လို့ရတယ်



ပြုလုပ်ထားတဲ့ ပစ္စည်းနဲ့လည်း
အုပ်စုဖွဲ့လို့ရတယ်

## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

**ပတ်ဝန်းကျင်ရှိအရာများကို အုပ်စုဖွဲ့ခြင်း**

- နေရာ
- အပင်နှင့်တိရစ္ဆာန်
- ပုံသဏ္ဌာန်
- ပြုလုပ်ထားသော ပစ္စည်း

## လေ့ကျင့်ခန်း

၁။ ဘာနဲ့လုပ်ထားတဲ့ ပစ္စည်းတွေလဲ။ မတူတာကို ရွေးထုတ်ပါ။



၂။ အဝိုင်းနဲ့ လေးထောင့်ပုံရှိတဲ့ ကြိုက်ရာပစ္စည်း(၂)ခုရဲ့ အမည်ကို ဇယားမှာဖြည့်ဖို့ ပြောကြည့်ကြစို့။

| အဝိုင်းပုံ | လေးထောင့်ပုံ |
|---|---|
| ၁။ | ၁။ |
| ၂။ | ၂။ |

# ၁ ကျွန်ုပ်တို့၏ အနီးဆုံးပတ်ဝန်းကျင်

## (၃) ပတ်ဝန်းကျင်ရှိပြောင်းလဲမှုများ



**မေးခွန်းကို ဖြေကြည့်ရအောင်**

ပတ်ဝန်းကျင်မှာ ဘယ်လိုပြောင်းလဲနေသလဲ။



မကြာခင်အချိန်မှာ **မိုးလေဝသ** သတင်းများကို ကြေညာပါတော့မယ်ရှင် ..........................................................












## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပုံတွေကိုကြည့်ပြီး ပတ်ဝန်းကျင်ရဲ့မတူတဲ့ ပြောင်းလဲတာတွေကို လေ့လာကြစို့။


(က)


(ခ)


(ဂ)


(ဃ)

ပေးထားတဲ့ မိုးလေဝသအခြေအနေ(၄)ခုကို မှန်တဲ့ပုံနဲ့ တွဲကြည့်ပါ။

| | | | |
|---|---|---|---|
| မိုးရွာသည် | တိမ်ထူသည် | လေတိုက်သည် | နေပူသည် |

ပုံ (က) ----------------------



ပုံ (ခ) ----------------------

ပုံ (ဂ) ----------------------

ပုံ (ဃ) ----------------------

လုပ်ငန်း(၂) တစ်ပတ်အတွင်း မိုးလေဝသအခြေအနေကို ပုံတွေကြည့်ပြီး ပြောပြပါ။ တိမ်အရောင်(တိမ်အဖြူ/တိမ်အမည်း)တွေကိုလည်းပြောပါ။


| တနင်္လာနေ့ | အင်္ဂါနေ့ | ဗုဒ္ဓဟူးနေ့ | ကြာသပတေးနေ့ | သောကြာနေ့ |
|---|---|---|---|---|
|  |  |  |  |  |


| စနေနေ့ | တနင်္ဂနွေနေ့ |
|---|---|
|  |  |



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

မြန်မာနိုင်ငံမှာ ရာသီဥတု(၃)မျိုးရှိတယ်။ နွေရာသီ၊ မိုးရာသီနဲ့ ဆောင်းရာသီတို့ဖြစ်တယ်။







## သိသွားပြီနော်

နေပူတဲ့အခါ ကောင်းကင်ကြီးက အပြာရောင် တိမ်လေးတွေက
အဖြူရောင် တိမ်အမည်းတွေ ကောင်းကင်မှာတွေ့ရရင် မိုးရွာတော့
မယ် မိုးရွာရင် ကောင်းကင်က အပြာရောင်မဟုတ်တော့ဘူး



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ပတ်ဝန်းကျင်မှာ နေပူတာ မိုးရွာတာ နှင်းကျတာ လေတိုက်တာ တိမ်ထူတယ် ဆိုတာတွေကို မိုးလေဝသအခြေအနေတွေလို့ ခေါ်တယ်။

**လေ့ကျင့်ခန်း**

မိုးလေဝသအခြေအနေပြတဲ့ပုံတစ်ပုံကိုဆွဲပြီး အရောင်ခြယ်ပါ။ (အုပ်စုလုပ်ငန်း)

ကိုယ့်အဖွဲ့ရဲ့ ပုံအကြောင်းကို တခြားအဖွဲ့တွေကိုမေးပြီး အဖြေမှန်ကိုလည်း ပြောပြနော်။




# ၁ ကျွန်ုပ်တို့၏အနီးဆုံးပတ်ဝန်းကျင်

## (၄) ပတ်ဝန်းကျင်ရှိအသံများ



### မေးခွန်းကို ဖြေကြည့်ရအောင်

ဘယ်လိုအသံမျိုးတွေကို ကြားဖူးကြသလဲ။








### ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပတ်ဝန်းကျင်မှာ ကြားရတဲ့အသံတွေကို ပြောပြပါ။ အသံထွက်ကြည့်ပါ။




လုပ်ငန်း(၂) ပေးထားတဲ့ပုံတွေကိုကြည့်ပြီး ဘာအသံဖြစ်မလဲ ပြောပြပါ။





လုပ်ငန်း(၃) အသံထွက်အောင်လုပ်ကြည့်ကြပါ။

စက္ကူ
တစ်ဖက်ပွင့်ဘူး
သားရေကွင်း



လုပ်ငန်း(၄) ပတ်ဝန်းကျင်မှာကြားရတဲ့အသံတွေကို လေ့လာပါ။ အသံအမျိုးအစားအလိုက် ရွေးပြီး အဖြေကိုအမှန်ခြစ်(✔)ပါ။

| အသံများ | သဘာဝအသံ | တိရစ္ဆာန်အသံ | လူကပြုလုပ်သော အသံ |
|---|---|---|---|
| သီချင်းဆိုသံ | | | |
| လေတိုက်သံ | | | |
| ကြောင်အော်သံ | | | |
| မိုးခြိမ်းသံ | | | |
| ရယ်မောသံ | | | |

## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ




## သိသွားပြီနော်





## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

**ပတ်ဝန်းကျင်ရှိအသံများ**

- တိရစ္ဆာန်အသံ
- သဘာဝအသံ
- လူကပြုလုပ်သော အသံ

### လေ့ကျင့်ခန်း

၁။ ပတ်ဝန်းကျင်မှာ ကြားရတဲ့ အသံတစ်ခုကို လုပ်ပြပါ။ ဘာအသံလဲဆိုတာ ပြောကြရအောင်။




၂။ ကြိုက်တဲ့ပစ္စည်းကိုသုံးပြီး အသံထွက်အောင်လုပ်ပြပါ။
(ဥပမာ၊ ရေသန့်ဘူးအလွတ်ထဲတွင် ကျောက်ခဲသေးသေးလေးတွေထည့်ပြီး အသံထွက်အောင် လုပ်ပါ။)

# ၂ ကျွန်ုပ်

## (၁) ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် မတူညီမှုများ



### မေးခွန်းကို ဖြေကြည့်ရအောင်

ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာ မတူတာတွေက ဘာတွေလဲ။





ကျွန်မတို့ရဲ့တူညီတဲ့ ခန္ဓာကိုယ် အစိတ် အပိုင်းတွေက ဘာတွေလဲ


တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူးနော်





## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ခန္ဓာကိုယ်အစိတ်အပိုင်းတွေရဲ့ပုံကို ဆွဲပြီး အမည်ပေးပါ။




ခန္ဓာကိုယ်အစိတ်အပိုင်းပုံ


လုပ်ငန်း(၂) မတူညီတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လေ့လာပြီး သူငယ်ချင်းတွေနဲ့ ပြောကြရအောင်။




ဆံပင်ပုံစံမတူညီမှု



အသားရောင်မတူညီမှု




အရပ်အနိမ့်အမြင့်မတူညီမှု




ခန္ဓာကိုယ်အရွယ်အစား မတူညီမှု

လုပ်ငန်း(၃) ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြောကြရအောင်။





## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ




ခန္ဓာကိုယ်အရွယ်အစား မတူညီမှု



## သိသွားပြီနော်

လူတစ်ယောက်နဲ့ တစ်ယောက် ခန္ဓာကိုယ်အစိတ်အပိုင်းတွေ မတူညီကြဘူးနော်။ ပုံသဏ္ဌာန်၊ အရွယ်အစားနဲ့အသားအရောင်တွေ ကွဲပြားကြတယ်။




## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

လူအားလုံးမှာ တူညီတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေရှိပေမဲ့ ကွဲပြားကြတယ်။


**လေ့ကျင့်ခန်း**

၁။ အဖြေမှန်ကို အမှန်ခြစ်(✔)ကြစို့။

(က) မျက်နှာပေါ်မှာ တွေ့ရတယ်။



(ခ) ခန္ဓာကိုယ်အောက်ပိုင်းမှာ တွေ့ရတယ်။



၂။ သူငယ်ချင်းတစ်ယောက်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း(၃)ခုကို ပြောပြပြီး ဘယ်သူလဲ ဆိုတာ ပြောပါ။

ဥပမာ၊ နှာခေါင်းချွန်၊ အသားမည်း၊ မျက်လုံးပြူးတဲ့သူဟာ မောင်တင်ထွန်းဖြစ်တယ်။

# ၂ ကျွန်ုပ်

## (၂) ခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးပြုခြင်း



**မေးခွန်းကို ဖြေကြည့်ရအောင်**

ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ဘယ်လိုသုံးသလဲ။





မျက်စိ နား နှာခေါင်း လျှာ လက်တွေကို ဘယ်လိုအသုံးပြုနိုင်မလဲ







သံပုရာသီးက ချဉ်တယ်







# ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) မျက်စိကိုပိတ်ပြီး ဘာပစ္စည်းဖြစ်နိုင်သလဲ ပြောပါ။
(ထိတွေ့ခြင်း၊ ကြည့်ရှုခြင်း)







မျက်စိက ကြည့်နိုင် မြင်နိုင်တယ်။
အရေပြားကလည်း ထိတွေ့ပြီး ဘာပစ္စည်းလဲဆိုတာ ပြောနိုင်တယ်။

လုပ်ငန်း(၂) အသံတွေကို နားထောင်ပြီး ဖြေကြည့်ကြစို့။ (နားထောင်ခြင်း)













နားက အသံတွေကို နားထောင်နိုင်တယ်။

လုပ်ငန်း(၃) ဘူးထဲက မမြင်ရတဲ့ပစ္စည်းဟာ ဘာဖြစ်နိုင်သလဲ။ (အနံ့ခံခြင်း)








နှာခေါင်းက အနံ့ခံပြီး ဘာပစ္စည်းလဲဆိုတာ ပြောနိုင်တယ်။

လုပ်ငန်း(၄) မျက်စိမှိတ်ခိုင်းပြီး သကြားလုံးကို ပါးစပ်ထဲထည့်ပေးပါ။ ဘာအရသာ ရှိလဲ ပြောပါ။ (အရသာခံခြင်း)




လျှာက အရသာခံနိုင်တယ်။

## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ






အမြင်အာရုံ ချို့တဲ့ပေမဲ့ တခြားအာရုံတွေကို အသုံးပြုနိုင်တယ်။
(ဥပမာ၊ အကြားအာရုံ)

## သိသွားပြီနော်

ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို နေ့စဉ်လုပ်ငန်းတွေ၊ ကစားတာနဲ့ လေ့လာသင်ယူတာတွေမှာ သုံးနိုင်တယ်။

## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း




**လေ့ကျင့်ခန်း**

ခန္ဓာကိုယ်ရဲ့ ဘယ်အစိတ်အပိုင်းတွေကို သုံးပြီး သိနိုင်သလဲ။

(က) စားပွဲခုံကမာတယ်။ (ခ) ထန်းလျက်ကချိုတယ်။ (ဂ) နှင်းဆီပန်းကမွှေးတယ်။

(ဃ) သရက်ပင်ပေါ်မှာ သရက်သီးတွေ သီးနေတယ်။ (င) တယ်လီဖုန်းမြည်နေတယ်။


# ၃ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အပင်များ

## (၁) အပင်၏အစိတ်အပိုင်းများ

**မေးခွန်းကို ဖြေကြည့်ရအောင်**

အပင်တစ်ပင်မှာ ဘယ်အစိတ်အပိုင်းတွေကို တွေ့ရပါသလဲ။







## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ကျောင်းဝင်းထဲက ကြိုက်ရာအပင်တစ်ပင်ရဲ့ပုံကို ဆွဲကြရအောင်။





ရွက်လှပင်ကို ဆွဲမယ်
အရွက်ကို အဝါရောင် ခြယ်မယ်




ထောင်မတ်နေတဲ့ ပင်စည်ရှိတဲ့ အုန်းပင်ကိုဆွဲမယ်

လက်တွေ့လုပ်ငန်းမှတ်တမ်း

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိအပင်များ ၁၂-၉-၂၀၁၇


| | |
|---|---|
| အမည် | မခင်ခင်ကျော် |
| အတန်း | ပထမတန်း |
| အပင်အမည် | ရွက်လှပင် |




နှုတ်ဖြေ
ရွက်လှပင်ဆွဲထားတယ်။ အရွက်နဲ့ ပင်စည်ကို မြင်ရတယ်။

လုပ်ငန်း(၂) ပုံတွေကို နံရံမှာ ကပ်ကြရအောင်။ ကိုယ်ဆွဲထားတဲ့ ပုံအကြောင်းကို သူငယ်ချင်းတွေကို ပြောပြမယ်။









လုပ်ငန်း(၃) မြေကြီးထဲမှာ ရှိနေတဲ့ အပင်ရဲ့အစိတ်အပိုင်းက ဘာလဲ။
ကျောင်းဝင်းထဲက အပင်ငယ်တစ်ပင်ကို နှုတ်ကြရအောင်။
မြေကြီးတွေကို ရေနဲ့ဆေးမယ်။ (ဆရာ့လုပ်ငန်း)








## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ




ချင်းပြည်နယ်မှာ တောင်ဇလပ်ပင်ကို တွေ့ရတယ်။ ပန်းတွေ ပွင့်နေတယ်။




မွန်ပြည်နယ်မှာ ဒူးရင်းပင်ကို တွေ့ရတယ်။ အဲဒီအပင်မှာ အသီးတွေ သီးနေတယ်။

## သိသွားပြီနော်

အရွက်၊ ပင်စည်နဲ့ အမြစ်ရှိတယ်။ အမြစ်က မြေကြီးအောက်မှာ ရှိပါတယ်။



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း




အပင်တွေမှာ အရွက်၊ ပင်စည်နဲ့ အမြစ်တွေ တွေ့နိုင်ပါတယ်။

### လေ့ကျင့်ခန်း

၁။ မှန်တာကိုတွဲနော်။

| (၁) | (၂) | (၃) |
|---|---|---|
|  |  |  |
| (က) အရွက် | (ခ) ပင်စည် | (ဂ) အမြစ် |

# ၃ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အပင်များ
## (၂) အပင်အစိတ်အပိုင်းများ၏ မတူညီမှုများ

**မေးခွန်းကို ဖြေကြည့်ရအောင်**

အပင်အစိတ်အပိုင်းတွေက ဘယ်လိုမတူတာလဲ။






## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ကျောင်းဝင်းထဲက မတူတဲ့အရွက်တွေကို ယူခဲ့နော်။ အတန်းထဲရောက်ရင် ကြိုက်သလို ပုံဖော်ကြရအောင်။




အရွယ်အစား၊ ပုံသဏ္ဌာန် မတူသောအရွက်များ




အရောင် မတူညီသောအရွက်များ




လုပ်ငန်း(၂) အရွက်ရဲ့ အရွယ်အစားတွေကို နှိုင်းယှဉ်ကြည့်ရအောင်။



လုပ်ငန်း(၃)　အရွက်တစ်ရွက်စီ ယူလာပါ။ ကိုယ်ယူလာတဲ့ အရွက်ရဲ့ပုံကို စာရွက်ပေါ်မှာ ဆွဲပြီး သူငယ်ချင်းတွေကို ဆွဲထားတဲ့ပုံအကြောင်း ပြောကြရအောင်။



လက်တွေ့လုပ်ငန်းမှတ်တမ်း

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိအပင်များ　　၃၁-၉-၂၀၁၇

| | |
|---|---|
| အမည် | မောင်ထွန်းမင်း |
| အတန်း | ပထမတန်း |
| အပင်အမည် | ညောင်ရွက် |

နှုတ်ဖြေ
ညောင်ရွက်ဆွဲထားတယ်။
အစိမ်းရောင်ရှိတယ်။
ဝိုင်းဝိုင်းလေး။

လုပ်ငန်း(၄)　ပုံ(၂)ပုံရဲ့ ပင်စည်(၂)မျိုးကို ကြည့်ကြရအောင်။ မတူတာတွေရှာပြီး သူငယ်ချင်းတွေကို ပြောပြရအောင်။






## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ကလေးတို့ရေ . .. ရှားစောင်းပင်တချို့က ပန်းပွင့်တယ် အရွက်ကို ဆူးအဖြစ်တွေ့ရတယ်






ရှားစောင်းပင်ကို အပူပိုင်းဒေသနဲ့ သဲကန္တာရတွေမှာ တွေ့နိုင်တယ်။

## သိသွားပြီနော်

အရွက်အရောင်တွေက စိမ်းတာများတယ်။ တချို့အရွက်တွေက အရောင်၊ အရွယ်အစားနဲ့ ပုံသဏ္ဌာန်တွေ မတူကြဘူး။ ပင်စည်အရွယ်အစားတွေလည်း မတူကြဘူး။



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း







**လေ့ကျင့်ခန်း**

၁။ အရွက်(၂)မျိုးရဲ့ မတူတာတွေ (အရောင်၊ အရွယ်အစား၊ ပုံသဏ္ဍာန်) ကို ပြောပြနော်။








၂။ ပင်စည်(၂)ခုရဲ့ မတူတာတွေကို ပြောပြနော်။



# ၃ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အပင်များ

## (၃) အပင်ပေါက်ရောက်ရာနေရာများ



**မေးခွန်းကို ဖြေကြည့်ရအောင်**

အပင်တွေ ဘယ်နေရာမှာ ပေါက်ပါသလဲ။



ကဲ အပင်တွေ ဘယ်နေရာတွေမှာပေါက်လဲ ရှာကြည့်ကြရအောင်






မြေကြီးပေါ်မှာပဲ အပင်တွေ ပေါက်သလား



အပင်တွေက မြေကြီးပေါ်မှာလည်း ပေါက်တယ်



အပင်တွေ ရေထဲမှာ ပေါက်နေတာလည်း တွေ့ဖူးတယ်



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ကျောင်းဝင်းထဲက ဘယ်နေရာတွေမှာ အပင်တွေပေါက်နေသလဲ။ တခြား မြင်ဖူးတာတွေကိုလည်း ပြောပြနော်။
(အပင်အမည်၊ ပေါက်တဲ့နေရာ)

ကြာပင်တွေက ရေထဲမှာ ပေါက်နေတယ်





ကလေးတို့ရေ ကြည့်ပါဦး ... သစ်ခွပင်က သစ်ပင်ပေါ်မှာပေါက်နေ တယ် တချို့အပင်ကတော့ အုတ်နံရံပေါ်တွယ်တက်ပြီးပေါက်နေတယ်








လုပ်ငန်း(၂) ဗေဒါပင်ရဲ့ အရွက်၊ ပင်စည်နဲ့ အမြစ်တွေကို ရှာကြည့်ကြရအောင်။






## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ရေအောက်မှာလည်း အပင်တွေ ပေါက်နေကြတယ်။





## သိသွားပြီနော်

အပင်တွေက မြေကြီးပေါ်၊ ရေထဲ၊ သစ်ပင်ပေါ်နဲ့ အုတ်နံ့ရံတွေပေါ်မှာလည်း ပေါက်နိုင်တယ်။



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

**ပေါက်တဲ့နေရာ**

- မြေကြီး
- ရေ
- သစ်ပင်
- အုတ်နံ့ရံ

**လေ့ကျင့်ခန်း**

၁။ ပေးထားတဲ့အပင်တွေ ဘယ်မှာပေါက်နေတာလဲ ပြောပြပါ။

(က) ကန်စွန်းပင်

(ခ) သရက်ပင်

(ဂ) သစ်ခွပင်

(ဃ) ညောင်ပင်

၂။ ကလေးတို့တွေ့ဖူးတဲ့ အပင်တွေကို ဇယားမှာဖြည့်ကြရအောင်။

| နေရာ | တွေ့ဖူးသော အပင်များ |
|---|---|
| မြေကြီးပေါ် | |
| အုတ်နံ့ရံပေါ် | |
| အခြားအပင်ပေါ် | |
| ရေထဲ | |

# ၄ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ

## (၁) တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ

**မေးခွန်းကို ဖြေကြည့်ရအောင်**

ခန္ဓာကိုယ်အစိတ်အပိုင်းတူတဲ့ တိရစ္ဆာန်တွေကို ပြောပြပါ။













## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) အိမ်မြှောင်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြောကြည့်ရအောင်။ (အိမ်တွင်း)



လုပ်ငန်း(၂) မြွေနဲ့ ဘဲငန်းရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက ဘာတွေလဲ။ (အိမ်ပြင်)





လုပ်ငန်း(၃) ကျားတစ်ကောင်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြောကြရအောင်။ ကြိုက်ရာ တိရစ္ဆာန်တစ်ကောင်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုလည်း ပြောကြစို့။





## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



သစ်ကုလားအုပ်က အရပ်မြင့်တယ်၊ လည်ပင်းရှည်ပြီး သေးသွယ်ရှည်လျားတဲ့ ခြေလေးချောင်းရှိတယ်။




ဆင်က ကုန်းပေါ်မှာ အကြီးဆုံးတိရစ္ဆာန် ဖြစ်တယ်။ ကြီးတဲ့ နားရွက်ရှိတယ်။ ရှည်တဲ့ နှာမောင်းနဲ့ ဆင်စွယ်လည်း ရှိတယ်။



## သိသွားပြီနော်

တိရစ္ဆာန်တွေမှာ တူတဲ့အခြေခံခန္ဓာကိုယ်အစိတ်အပိုင်းတွေ ရှိပေမဲ့ တိရစ္ဆာန် တစ်မျိုးနဲ့ တစ်မျိုး မတူကြဘူးနော်။

ဥပမာ၊ ခြေထောက်အရေအတွက်၊ အခြားထူးခြားသော အစိတ်အပိုင်းများ

> တိရစ္ဆာန်အများစုမှာ ခေါင်း၊ ကိုယ်၊ ခြေထောက်နဲ့ အမြီးတို့ရှိကြတယ်။




## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

တိရစ္ဆာန်အမျိုးမျိုးအား ခန္ဓာကိုယ်အစိတ်အပိုင်းများအပေါ် အခြေခံပြီး အုပ်စုခွဲခြားခြင်း

| အုပ်စု(၁) | အုပ်စု(၂) | အုပ်စု(၃) |
|---|---|---|
| အိမ်မြှောင် | ဘဲငန်း | မြွေ |
| ခေါင်း<br>ကိုယ်<br>ခြေလေးချောင်း<br>အမြီး | ခေါင်း<br>ကိုယ်<br>ခြေနှစ်ချောင်း<br>အမြီး<br>အတောင် | ခေါင်း<br>ကိုယ်<br>ခြေထောက်မပါ<br>အမြီး |

**လေ့ကျင့်ခန်း**

၁။ ပုံမှာ မျဉ်းဆက်တွေကိုဆက်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြောပြပါ။ ဘာတိရစ္ဆာန်လဲ။




၂။ ကြိုက်ရာတိရစ္ဆာန်ပုံကို စာရွက်ပေါ်မှာ ပုံကြမ်းဆွဲပြီး အရောင်ခြယ်ကြစို့။ ဆွဲထားတဲ့ တိရစ္ဆာန်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို သူငယ်ချင်းနဲ့ ပြောကြည့်ပါ။

**လက်တွေ့လုပ်ငန်းမှတ်တမ်း(နမူနာ)**

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ　　　　၅ – ၁၀ – ၂၀၁၇

| | |
|---|---|
| အမည် | မောင်ဇော်လင်း |
| အတန်း | ပထမတန်း |
| တိရစ္ဆာန်အမည် | ငါး |




ကျွန်တော်က ငါးလေးကို ကြိုက်တယ်။

ငါးတစ်ကောင်မှာ –

ခေါင်း

ကိုယ်

အမြီးဆူးတောင်ပါရှိတယ်။

၃။ ခန္ဓာကိုယ်အစိတ်အပိုင်းတူတဲ့တိရစ္ဆာန်တွေ တွဲကြည့်ကြစို့။

 ☐

☐ 

 ☐

☐ 

 ☐

☐ 

# ၄ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ

## (၂) မတူညီသောနေရာများမှ တိရစ္ဆာန်များ



**မေးခွန်းကို ဖြေကြည့်ရအောင်**

တိရစ္ဆာန်တွေကို ဘယ်နေရာတွေမှာ တွေ့နိုင်သလဲ။



လော်ကားဥယျာဉ်ကို
ကျွန်တော် မရောက်ဖူးဘူး




တိရစ္ဆာန်ဥယျာဉ်ထဲမှာ တိရစ္ဆာန်မျိုးစုံ
ရှိတယ် သူတို့ ဘယ်လိုနေထိုင်ကြသလဲ
ဘယ်လိုနေရာမှာ နေသလဲဆိုတာ
ကျွန်မတို့လေ့လာကြရအောင်




## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပုံထဲမှာပါတဲ့ တိရစ္ဆာန်တွေကို ပြောပြပါ။
ပုံမှာမပါတဲ့ တခြားတိရစ္ဆာန်တွေကိုလည်း ပြောပြရမယ်နော်။



| တိရစ္ဆာန်တွေနေထိုင်တဲ့ နေရာ | တိရစ္ဆာန် အမည် | ရုပ်ပုံမှာမပါတဲ့ တခြားတိရစ္ဆာန် |
|---|---|---|
| သစ်ပင်ပေါ် | | |
| မြေကြီးပေါ် (ကုန်းပေါ်) | | |
| မြေကြီးထဲ | | |
| ရေထဲ | | |
| ကုန်းနဲ့ ရေနှစ်မျိုးလုံး | | |

လုပ်ငန်း(၂) စာလုံးကတ်ပြားနဲ့ ရုပ်ပုံကတ်ပြားတွေကိုသုံးပြီး ယှဉ်တွဲကစားရအောင်။
(စာလုံးကတ်ပြား = နေထိုင်ရာနေရာ ၊ ရုပ်ပုံကတ်ပြား = တိရစ္ဆာန်ရုပ်ပုံ)




## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

တချို့တိရစ္ဆာန်တွေကို နေရာအမျိုးမျိုးမှာ တွေ့နိုင်တယ်။





## သိသွားပြီနော်

တိရစ္ဆာန်တွေက နေရာအမျိုးမျိုးမှာ နေထိုင်ကြတယ်။ ကုန်းပေါ်၊ ရေထဲ၊ သစ်ပင်ပေါ်၊ ကုန်းနဲ့ ရေနှစ်မျိုးလုံးမှာ နေကြတယ်။

## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

တိရစ္ဆာန်များ နေထိုင်သော နေရာများ



ကုန်းပေါ်



ရေထဲ



သစ်ပင်ပေါ်



ကုန်းနဲ့ ရေနှစ်မျိုးလုံး

**လေ့ကျင့်ခန်း**


၁။ တိရစ္ဆာန်တွေ နေထိုင်တဲ့နေရာတွေကို အမှန်ခြစ်(✔)ပါ။


| စဉ် | တိရစ္ဆာန်များ | ကုန်းပေါ် | ရေထဲ | သစ်ပင်ပေါ် | ကုန်းနှင့်ရေ |
|---|---|---|---|---|---|
| ၁။ | စာကလေး | | | | |
| ၂။ | ကဏန်း | | | | |
| ၃။ | ကြောင် | | | | |
| ၄။ | ပုစွန် | | | | |

၂။ ပုံတွေကို ကြည့်ရအောင်။

(က) သစ်ပင်ပေါ်မှာ နေထိုင်တဲ့ တိရစ္ဆာန်ကို (✔)ခြစ်ပါ။

(ခ) ကုန်းနဲ့ ရေနှစ်မျိုးလုံးမှာ နေထိုင်နိုင်တဲ့ တိရစ္ဆာန်တွေကို (✘)ခြစ်ပါ။










၃။ မှန်တာတွေရွေးပြီး အမှန်ခြစ်(✔)ပါ။


(က) ရေထဲမှာနေတယ်။



(ခ) ကုန်းပေါ်မှာနေထိုင်တယ်။



(ဂ) ကုန်းနဲ့ ရေ နှစ်မျိုးလုံးမှာနေတယ်။




(ဃ) ကုန်းနဲ့ လေ နှစ်မျိုးလုံးမှာ မြင်နိုင်တယ်။



# ၅ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး
## (၁) မြေကြီး နှင့် ကျောက်ခဲ

**မေးခွန်းကို ဖြေကြည့်ရအောင်**

မြေကြီးနဲ့ ကျောက်ခဲတွေကို ဘယ်နေရာတွေမှာ တွေ့နိုင်သလဲ။




**ကြိုးစားပြီးရှာဖွေကြရအောင်**

လုပ်ငန်း(၁) မြေကြီးကို ဘယ်နေရာမှာ တွေ့နိုင်သလဲ။ ဘယ်လိုသုံးသလဲ။





လုပ်ငန်း(၂) မြေကြီးထဲမှာ တွေ့နိုင်တာတွေကို ဇယားမှာ မှန်/မှား(✔/ ✘)ခြစ်ပါ။ တခြားတွေ့နိုင်တာတွေကိုလည်း ပြောပြပါ။ (ဥပမာ၊ ပလတ်စတစ်စ)

| တွေ့နိုင်တဲ့အရာများ | ✔/ ✘ |
|---|---|
| သဲ | |
| ကျောက်ခဲလေးများ | |
| အပင်ရဲ့အပိုင်းအစလေးများ | |
| တိရစ္ဆာန်များရဲ့အပိုင်းအစလေးများ | |



လုပ်ငန်း(၃) မြေကြီးကို လက်နဲ့ကိုင်ကြည့်ပြီး ဇယားမှာ ဖြည့်ကြရအောင်။

| မြေအမျိုးအစား | အရောင် | နူးညံ့/ကြမ်းတမ်း |
|---|---|---|
| (က) ရွှံ့မြေ | | |
| (ခ) သဲမြေ | | |
| (ဂ) နုန်းမြေ | | |

လုပ်ငန်း(၄) ကျောက်ခဲတွေကို ဘယ်နေရာမှာ တွေ့နိုင်သလဲ။ ဘယ်လိုသုံးသလဲ။





လုပ်ငန်း(၅)   ကျောက်ခဲတွေရဲ့ အရောင်၊ ပုံသဏ္ဌာန်နဲ့ ချောမွတ်/ကြမ်းတမ်းတာတွေကို လေ့လာကြရအောင်။









## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

မြေကြီးနဲ့ ကျောက်ခဲတွေကို အမျိုးမျိုးသုံးကြတယ်။







## သိသွားပြီနော်

မြေကြီးနဲ့ ကျောက်ခဲတွေကို ပတ်ဝန်းကျင်မှာ တွေ့နိုင်တယ်။ လူတွေအတွက် အလွန်အသုံးဝင်တယ်။



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

| မြေကြီး | | | ကျောက်ခဲ |
|---|---|---|---|
|  ရွှံ့မြေ |  နုန်းမြေ |  သဲမြေ |  |

မြေကြီးနဲ့ ကျောက်ခဲတွေမှာ မတူတာတွေရှိတယ်။

| | | | | |
|---|---|---|---|---|
| အရောင် | ပုံသဏ္ဌာန် | ထိတွေ့မှု | အသုံးဝင်ပုံ | တွေ့ရှိသည့်နေရာ |

**လေ့ကျင့်ခန်း**

၁။ အဖြေမှန်ကို ရွေးပါ။

(က)ရွှံ့မြေက စိုနေရင် ---- (ကြမ်းတမ်းတယ်၊ စေးကပ်တယ်)။

(ခ) သဲမြေက ခြောက်သွေ့နေရင် ---- (နူးညံ့တယ်၊ ကြမ်းတမ်းတယ်)။

(ဂ) ကျောက်ခဲတွေကို ---- (တူ၊ ခဲတံ)နဲ့ ထုချေနိုင်တယ်။

၂။ ဘာဖြစ်နိုင်သလဲ ဖြေဆိုပါ။

(က) စိုနေတဲ့အခါ စေးကပ်ပြီး၊ ခြောက်သွေ့တဲ့အခါ မာကျောတဲ့အရာ

(ခ) အိမ်ဆောက်ရင်၊ လမ်းခင်းရင် အသုံးပြုတဲ့ မာကျောတဲ့အရာ

၃။ မြေကြီး သို့မဟုတ် ကျောက်ခဲလေးတွေနဲ့ ပစ္စည်းတစ်ခုလုပ်ကြည့်ရအောင်။

(ဥပမာ၊ ရွှံ့လိပ်ကလေး၊ ကျောက်ခဲ မီးရထားတွဲကလေး)

# ၅ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး
## (၂) ရေ



### မေးခွန်းကို ဖြေကြည့်ရအောင်

ရေက ဘယ်လိုအရေးပါသလဲ။













### ကြိုးစားပြီးရှာဖွေကြရအောင်


လုပ်ငန်း(၁) အိမ်မှာ ရေကို ဘယ်လိုသုံးသလဲ။ အမှန်(✔)ခြစ်ပါ။ တခြားသုံးတာတွေကိုလည်း ပြောပြပါ။

| စဉ် | ရေကိုသုံးရတဲ့ နေ့စဉ်လုပ်ငန်းများ | ✔ |
|---|---|---|
| ၁ | မျက်နှာသစ်ခြင်း၊ လက်ဆေးခြင်း | |
| ၂ | ကိုယ်ခန္ဓာဆေးကြောခြင်း | |
| ၃ | သွားတိုက်ခြင်း | |
| ၄ | သောက်သုံးခြင်း | |
| ၅ | ပန်းကန်ဆေးခြင်း | |



လုပ်ငန်း(၂) တိရစ္ဆာန်တွေအတွက် ရေက ဘယ်လိုအရေးပါသလဲ။ အမှန်(✔)ခြစ်ပါ။ တခြားသိတာတွေကိုလည်း ပြောပါ။

| အမှတ်စဉ် | တိရစ္ဆာန်တွေ ရေကို သုံးတဲ့လုပ်ငန်းများ | ✔ |
|---|---|---|
| ၁ | သောက်သုံးခြင်း | |
| ၂ | ရေကူးခြင်း | |
| ၃ | ခန္ဓာကိုယ်ဆေးကြောခြင်း | |
| ၄ | ရေထဲမှာနေခြင်း | |
| ၅ | ရေမှ အစာကို ရယူခြင်း | |



လုပ်ငန်း(၃) အပင်တွေကို ရေမလောင်းရင် ဘယ်လိုဖြစ်မလဲ။ အပင်စိုက်ဖို့ ရေလိုပါသလား။



လုပ်ငန်း(၄) သူငယ်ချင်းတွေကို ရေရရှိနိုင်တဲ့နေရာတွေ ပြောပြပါ။







## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



မိုးရေ



ရေတံခွန်မှ ရေ



ကန်ရေ



ပင်လယ်ရေ

## သိသွားပြီနော်



လူ တိရစ္ဆာန်နဲ့ အပင်တွေအတွက် ရေက အရေးကြီးတယ်




ရေကိုနေရာအမျိုးမျိုးကနေ ရနိုင်တယ်


## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ရေကို နေရာအမျိုးမျိုးက ရနိုင်ပြီး၊ ရေက အလွန်အသုံးဝင်ပါတယ်။

**လေ့ကျင့်ခန်း (နှုတ်ဖြေ)**

၁။ ဘယ်ပုံမှာရှိတဲ့ ကလေးတွေက ရေကိုပိုပြီးလိုအပ်သလဲ။





၂။ ဘယ်တိရစ္ဆာန်တွေက ရေထဲမှာ နေရတာကို ပိုကြိုက်ပါသလဲ။

၃။ အပင်တွေ တစ်ပတ်လောက် ရေမလောင်းရင် ဘယ်လိုဖြစ်မလဲ။ ဘာကြောင့်လဲ။

# ၆ ကျွန်ုပ်တို့၏ ကောင်းကင်


## (၁) သဘာဝအတိုင်းတွေ့ရှိရသည်များ



**မေးခွန်းကို ဖြေကြည့်ရအောင်**

ကောင်းကင်မှာ သဘာဝအတိုင်း ဘာတွေကိုတွေ့ရသလဲ။







## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) အတန်းအပြင်ထွက်ပြီး ကောင်းကင်ကိုမော့ကြည့်ကြရအောင်။ နေ့အချိန် ကောင်းကင်မှာ တွေ့မြင်ရတာတွေကို ရေးပါ။

| လက်တွေ့လုပ်ငန်းမှတ်တမ်း | |
| --- | --- |
| အမည်။ | အတန်း။ |
| ရက်စွဲ။ | |
| အချိန်။ | |
| မိုးလေဝသအခြေအနေ။ | |
| ကောင်းကင်၏အရောင်။ | |
| ကောင်းကင်တွင် တွေ့မြင်ရသည်များ<br>၁။<br>၂။<br>၃။<br>၄။ | |

















လုပ်ငန်း(၂) ညအချိန် ကောင်းကင်မှာ တွေ့ဖူးတာတွေကိုရေးပြီး သူငယ်ချင်းတွေကို ပြောပြပါ။













လုပ်ငန်း(၃) နေ့အချိန်၊ ညအချိန်၊ နေ့နဲ့ည(၂)ချိန်လုံးမှာ တွေ့တာတွေကို ပြောပြပါ။




လုပ်ငန်း(၄) နေ့အချိန် ကောင်းကင်ပုံနဲ့ ညအချိန် ကောင်းကင်ပုံ(၂)ခုကို ဆွဲပြီး အမည်တပ်ပေးပါ။

## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ





လူတွေက နေ့အချိန်မှာ များသောအားဖြင့် အလုပ်လုပ်ကြတယ်။
နေက အပူနဲ့ အလင်းရောင်ကို လူတွေအသုံးပြုနိုင်တယ်။
ညအချိန်မှာ အိပ်စက်ကြတယ်။

## သိသွားပြီနော်

နေ့အချိန်ကောင်းကင်မှာ အပြာနုရောင်ဖြစ်ပြီး နေ ကိုမြင်ရတယ်။
တစ်ခါတစ်လေ မိုးရွာနေရင် နေနဲ့သက်တံကို ကောင်းကင်မှာ မြင်နိုင်တယ်။
တစ်ခါတစ်လေ နေ့အချိန်မှာ လ ကိုလည်း ကောင်းကင်မှာ မြင်ရတယ်။
ညအချိန် ကောင်းကင်က နက်ပြာရောင်ဖြစ်ပြီး၊ လ နဲ့ ကြယ် ကို မြင်ရတယ်။
နေ၊ လနဲ့ ကြယ်တွေကို မိုးရွာနေရင် ကောင်းကင်မှာ မမြင်ရပါ။
တိမ်နဲ့ တချို့ငှက်တွေကို နေ့ရော၊ ညရော (၂)မျိုးလုံးမှာ မြင်ရတယ်။



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ကောင်းကင်တွင် နေ့အချိန်နှင့် ညအချိန် တွေ့နိုင်သော သဘာဝအရာများ

| | | | |
|---|---|---|---|
| နေ | လ | ကြယ် | တိမ် |
| ငှက် | သက်တံ | လိပ်ပြာ/<br>ပိုးစုန်းကြူး | မိုးစက် |

ကောင်းကင်မှာ နေ၊ သက်တံ၊ ငှက်နဲ့ လိပ်ပြာတွေ နေ့အချိန်တွေမှာ မြင်နိုင်တယ်။
ကြယ်၊ တချို့ငှက်နဲ့ ပိုးစုန်းကြူးတွေကို ညအချိန်မှာ တွေ့နိုင်ပါတယ်။
တိမ်၊ မိုးစက်နဲ့ လတွေကို နေ့၊ ည(၂)ချိန်လုံး တွေ့နိုင်ပါတယ်။

**လေ့ကျင့်ခန်း**

၁။ မှန်တာကိုတွဲပါ။

| | |
|---|---|
| (က) နေ့အချိန်တွေ့ရတယ်။ | (၁) တိမ်မည်း |
| (ခ) ညအချိန်တွေ့ရတယ်။ | (၂) ကြယ် |
| (ဂ) နေ့နဲ့ ည (၂)ချိန်လုံးမှာ တွေ့ရတယ်။ | (၃) သက်တံ |
| (ဃ) မိုးရွာပြီးခါစ တွေ့ရတယ်။ | (၄) နေ |
| (င) မိုးရွာတော့မယ်ဆိုရင် တွေ့ရတယ်။ | (၅) လ |

၂။ ဉာဏ်စမ်းမေးခွန်းများကို ဖြေကြည့်ရအောင်။


(က) ညအချိန်မှာ အစာရှာထွက်ဖို့ ကောင်းကင်မှာ ပျံသန်းတယ်။ ဘာကောင် ဖြစ်မလဲ။

(ခ) နေ့အချိန် လေထဲမှာ ပျံသန်းတယ်။ ပန်းပွင့်လေးတွေပေါ်မှာ နားတယ်။ ဘာကောင် ဖြစ်မလဲ။

# ၆ ကျွန်ုပ်တို့၏ ကောင်းကင်
## (၂) အခြားတွေ့ရှိရသည်များ

**မေးခွန်းကို ဖြေကြည့်ရအောင်**

ကောင်းကင်မှာ သဘာဝအတိုင်းမဟုတ်တဲ့ တခြားဘာတွေကို တွေ့ရသလဲ။



ကောင်းကင်မှာ ဘာတွေကို တွေ့နေရလဲ ရှာကြည့်ဦးမယ်

သူတို့တွေ ဘာကို ကြည့်နေတာပါလိမ့်






လေယာဉ်ပျံ



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁)  စက္ကူလေယာဉ်ပျံလေးလုပ်ပြီး လေထဲကို လွှတ်ကြည့်ကြမယ်။








လုပ်ငန်း(၂) စွန်ကလေးတစ်ခုလုပ်ပြီး လေထဲမှာ လွှတ်ကြည့်ရအောင်။

လိုအပ်တဲ့ပစ္စည်းများ – ပလတ်စတစ်အိတ်တစ်လုံး၊ ကြိုး

(၁) ၃ မီတာရှည်တဲ့ကြိုးကို ပလတ်စတစ်အိတ်မှာ ချည်ပါ။

(၂) ကြိုးစကိုကိုင်ပြီး ပလတ်စတစ်အိတ်လေးထဲကို လေဝင်စေပြီး ဝဲပျံအောင်ပြေးကြည့်ပါ။





ဆော့ကစားဖို့ အဆင်မပြေရင် အစားထိုးလုပ်ငန်း(၂)ကို လုပ်နိုင်ပါတယ်။

အစားထိုးလုပ်ငန်း(၂) ကဗျာလေးဆိုကြရအောင်။

**စက္ကူစွန်လေး**

စွန်ကလေး စွန်ကလေး
ကောင်းကင်ထဲမှာ ပျံကာပြေး၊
လေနှင်ရာ လွင့်ကာသွား
ကြိုးကလေးနဲ့ ချိတ်ကာထား၊
ကြိုးပြတ်ပြီး ပျောက်သွားလို့
ရောင်စုံစွန်လေး လုပ်ကြစို့။

**ဒေါ်ကေ**






## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ




မိုးပျံပူဖောင်းက ကောင်းကင်မှာ ဘာလို့ပျံနိုင်တာလဲ






မီးပုံးပျံက ကောင်းကင်မှာ ဘာလို့ ပျံနိုင်တာလဲ



မိုးပျံပူဖောင်းကတော့ အဲဒီထဲမှာ ဓာတ်ငွေ့တစ်ခုထည့်ထားလို့ ကောင်းကင်ကို ပျံတက်နိုင်တာပါ မီးပုံးပျံကတော့ လေပူတွေ ထည့်ထားလို့ ပျံတက်နိုင်တာပါ





## သိသွားပြီနော်

ကောင်းကင်မှာသဘာဝအတိုင်း မဟုတ်တဲ့အရာတွေကို တွေ့နိုင်တယ် လူတွေက ကောင်းကင်မှာ သွားလာနိုင်ရန် အတွက် ယာဉ်တွေကို တီထွင်ကြတယ်





## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

**မိုးပျံပူဖောင်း၊ မီးပုံးပျံ၊ စက္ကူစွန်၊ လေယာဉ်ပျံတွေကိုလည်း ကောင်းကင်မှာ တွေ့နိုင်တယ်။**

### လေ့ကျင့်ခန်း

၁။ ကောင်းကင်မှာ သဘာဝအတိုင်းတွေ့ရတာတွေနဲ့ တခြားတွေ့ရတာတွေကို ဇယားမှာ ဖြည့်ကြရအောင်။

| သဘာဝအတိုင်းတွေ့ရသည်များ | တခြားတွေ့ရသည်များ |
|---|---|
| | |

CREATE

ပညာ

JICA

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်
ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ နည်းပညာကူညီပံ့ပိုးမှုပေးပါသည်။